
mgyoe.com



# ဒေါ်ဒိုမြမ


## ပျော်ပျော်နေကြတဲ့

မိုးဝေးစီစဉ်သည်။

mgyoe.com

9 789997 118547

mgyoe.com



ISBN 9789997118547
POEM81
9 789997 118547
1,500.00KS

mgyoe.com

ပျော်ပျော်နေကြကွဲ့၊ အောင်ခိုင်မြတ်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၆၈+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပျော်ပျော်နေကြကွဲ

## အောင်ခိုင်မြတ်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


※ အမှာ ........... က

၁။ ပျော်ပျော်နေကြကွဲ ........... ၁

၂။ ဟာသပဲ ကာလ ........... ၂

၃။ အဝေးရောက်ဒီနေ့ခေတ် ........... ၃

၄။ ရင်အန္တရာယ်ကင်းရှင်းရေး ........... ၄

၅။ မျက်ရည်လေဆိပ် ........... ၅

၆။ ဒုက္ခသည်စတိုး ........... ၆

၇။ ကမ္ဘာ ........... ၇

၈။ မျက်ရည်ကဖေး ........... ၈

၉။ မျက်ရည်တင်သင်္ဘော ........... ၉

၁၀။ ရုပ်ရှင်ကလည်းထားခဲ့ ရုပ်ရှင်ရုံကလည်းနေခဲ့ ........... ၁၁

၁၁။ ရေခဲတဲ့အရပ်ကမီးလောင်ပြင် ........... ၁၂

၁၂။ တစ်နေ့ပြီးတစ်နေ့ ........... ၁၃

၁၃။ မျက်ရည်ရောင် ........... ၁၄

၁၄။ အလွမ်းသရဲလိုလို လမ်းသရဲလိုလို ........... ၁၆

၁၅။ စာရေးဖော်သို့ ........... ၁၇


mgyoe.com

mgyoe.com

၁၆။ ဖိုးလကွယ် . . . . . . . . . . . ၁၈
၁၇။ အသည်းကွဲနေတဲ့သူငယ်ချင်းဆီက
ဖုန်းဝင်လာခြင်း . . . . . . . . . . . ၁၉
၁၈ အချစ်ဟာ မချစ်တတ်တဲ့အခန်းထဲမှာ ပိတ်မိလို့ . . . . . . . . . . . ၂၀
၁၉ ဝးတာကိုး . . . . . . . . . . . ၂၂
၂၀။ ကဖေးဆိုင်ညများ . . . . . . . . . . . ၂၃
၂၁။ ညီလေးမြို့ပြ . . . . . . . . . . . ၂၄
၂၂။ မျက်ရည်ပြင် . . . . . . . . . . . ၂၅
၂၃။ ဖတ်လိုက်မင်းသားနှစ်တွေ . . . . . . . . . . . ၂၆
၂၄။ အဆွေးဟောင်းအဆောက်အဦ . . . . . . . . . . . ၂၈
၂၅။ အချစ်နဲ့ညဦးနက်ရခြင်း . . . . . . . . . . . ၂၉
၂၆။ အချစ် . . . . . . . . . . . ၃၀
၂၇။ ကော်ဖီဆိုင် . . . . . . . . . . . ၃၁
၂၈။ ဒီအကြောင်းတွေပဲပြောရ . . . . . . . . . . . ၃၂
၂၉။ တိမ်ပြာပြာ . . . . . . . . . . . ၃၃
၃၀။ ကမ်းပါး . . . . . . . . . . . ၃၄
၃၁။ သွေးထွက်သံယိုမြင်ကွင်း . . . . . . . . . . . ၃၅
၃၂။ အရေးတကြီး . . . . . . . . . . . ၃၇
၃၃။ အနုပညာ . . . . . . . . . . . ၃၈
၃၄။ သူငယ်ချင်းတချို့နဲ့နေ့ရက်များ . . . . . . . . . . . ၃၉
၃၅။ Post Flowers 1 . . . . . . . . . . ၄၀
၃၆။ မျက်ရည်နဲ့ချက်ထားတဲ့ရိဝေမှူ . . . . . . . . . . . ၄၁
၃၇။ လူနဲ့လုပ်ထားတဲ့အသက် . . . . . . . . . . . ၄၂
၃၈။ ဒဏ်ရာနားနီးဒဏ်ရာ . . . . . . . . . . . ၄၃
၃၉။ မပြုပြင်မပြောင်းလဲရေးသမားတွေထိုင်နေတဲ့
ခုံတန်းလျား . . . . . . . . . . . ၄၄
၄၀။ ကိုယ်က မနေ့က . . . . . . . . . . . ၄၆

mgyoe.com

mgyoe.com


၄၁။ ပိုင်ရှင်မဲ့အလောင်း . . . . . . . . . . . ၄၇

၄၂။ အခင်းဖြစ်ပွားရာနေရာ . . . . . . . . . . . ၄၉

၄၃။ အချစ်ပင်ပေါ်မှာ . . . . . . . . . . . ၅၁

၄၄။ နှလုံးသားကဖေး . . . . . . . . . . . ၅၂

၄၅။ ပန်းခြံကွေ့ . . . . . . . . . . . ၅၄

၄၆။ ဆောက်လက်စစောင့်စားမှု . . . . . . . . . . . ၅၅

၄၇။ ကွင်းပြင် . . . . . . . . . . . ၅၆

၄၈။ ဘယ်သွားနေလဲမောင်ကြေကွဲ . . . . . . . . . . . ၅၇

၄၉။ ဆပ်ကပ် . . . . . . . . . . . ၅၈

၅၀။ မီးတံခွန် . . . . . . . . . . . ၅၉

၅၁။ ခေတ်ပျက်ကဖေး . . . . . . . . . . . ၆၀

၅၂။ ရင်ဘတ်လမ်း . . . . . . . . . . . ၆၂

၅၃။ ငါတို့က ဖ ရှိတယ် . . . . . . . . . . . ၆၃

၅၄။ ငါတို့ဝေးခဲ့ပြီးနောက် . . . . . . . . . . . ၆၄

၅၅။ နှလုံးသားရောင်းပါတယ်လို့
ကြွေပြီးဖြေလိုက်တယ် . . . . . . . . . . . ၆၅

၅၆။ မြေပုံအရဆိုရင်တော့ငွေပုံကြီးပါပဲ . . . . . . . . . . . ၆၆


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## အမှာ

ကျွန်တော့်အတွက်တော့
အသက်ကို ကဗျာကစောင့်ရှောက်ပါတယ်။

အောင်ခိုင်မြတ်၊
၂၀၁၉။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပျော်ပျော်နေကြကွဲ

ငါဝတ်ထားတဲ့တီရှပ်ဟာ
ငါ့ကိုယ်ပေါ်မှာအေးအေးဆေးဆေး
ငါဝတ်ထားတဲ့ဂျင်းဘောင်းဘီဟာ
ငါ့ကိုယ်ပေါ်မှာတည်ငြိမ်လျက်

စာအုပ်ကို ငါကသွားဖတ်မိခဲ့တာ
ကဗျာကို ငါကသွားရေးမိခဲ့တာ

မှန်ရှေ့ငါသွားရပ်လို့ ငါ့ကိုယ်ငါမြင်ရတာ
ရုပ်မြင်သံကြားက ငါသွားမဖွင့်ရင် ပွင့်မလာဘူး
တိုင်မှာချိတ်ထားတဲ့ပြက္ခဒိန်ဟာ သူ့အတိုင်းငြိမ်သက်လျက်
နေ့တွေသာ ပြောင်းပြောင်းသွားကြ

ငါဘာမှသွားမပတ်သက်ရင်
သူတို့ဘဝက အေးအေးဆေးဆေးပဲ
စကားမပြောကြဘူး ရန်မဖြစ်ကြဘူး ဘာကိုမှမလိုက်စားကြဘူး
သေစရာလည်းမလိုဘူး

အသက်ရှိလို့ပူလောင်မိပြီး
ပျော်စရာကိုလိုက်ရှာတော့
ပျော်စရာရှားလို့
ရေခဲတုံးလိုမှ သွားပျော်မိခဲ့တယ်
တစ်စက်ချင်း တစ်ပေါက်ချင်း။

mgyoe.com

mgyoe.com


# ဟာသပဲ ကာလ

လာမယ့်နှစ်တွေလည်း
စစ်အင်အားအပြည့်နဲ့ပဲလား

မြေခွေးတို့မြွေပွေးတို့က
မကျေအေးကြသေးဘူးလား

ဒီနေ့အကြောင်းအရာကို မနေ့ကအကြောင်းအရာက
ဓားတပြပြနဲ့ပဲလား

မီးပျက်လို့မဆုံး သွေးပျက်လို့မဆုံး
ဘဝပျက်လို့မဆုံး
ခေတ်ပျက်လို့မဆုံးတော့ဘူးလား

အမှိုက်ကားတွေမလာခင် အမှိုက်တွေပျော်ကြ
မီးသတ်ကားတွေမလာခင် မီးတွေပျော်ကြ
သူတို့ဘက်က ဒီလိုလား

နေပူကြီးထဲ ကျောကော့အောင်ရုန်းနေရတဲ့
ကောင်မလေးရဲ့နာမည်ဟာ
အေးအေးတဲ့လား။

mgyoe.com

mgyoe.com



# အဝေးရောက်ဒိနေ့ခေတ်

ဆွေးမြည့်မှုကာကွယ်ရေးစက်ကို
ငါတို့တီထွင်ခဲ့တယ်

တကိုယ်ရည်သုံးပျံသန်းရေးဝတ်စုံကို
ငါတို့ချုပ်ဝတ်ခဲ့တယ်

သက်တမ်းကုန်နေတဲ့မျှော်လင့်ချက်ကို
ငါတို့ချမရောင်းခဲ့ဘူး

လက်နက်ဖိုးပေးချေဖို့
ဘယ်သွေးသားကိုမှ ငါတို့ချမရောင်းဘူး

သေဒဏ်စီရင်ချက်ကျမကျ
သေပြီးမှသိရမယ့်ခေတ်ကို ငါလည်းအလိုမရှိ

စက်ရုပ်လိုနေထိုင်တတ်တိုင်းတော့
စက်မှုနိုင်ငံဖြစ်မလာပါဘူး

ကိုယ်တို့တသက်လုံး
ကွဲစရာပုံးတွေအလုံးအရင်းကျန်နေဦးမှာပဲ

မင်းပုန်းနေတဲ့နေရာကို
ငါတူးထားတာပါအချစ်ရယ်။

mgyoe.com

mgyoe.com


# ရင်အခွေ့ရာယ်ကင်းရှင်းရေး

အသည်းကွဲတယ်ဆိုတာ
နေပူကြီးထဲတစ်ယောက်တည်းရပ်နေရသလိုပဲ

ကိုယ်ကနေပူခံကျောက်ပြားမဟုတ်တော့
ချောက်ချားစရာ

လမ်းတွေကခွဲသွားမှာပဲ
လမ်းခွဲကိုဆက်လျှောက်တတ်မှ
တစ်ယောက်ရှိရာတစ်ယောက်ပြန်ရောက်မယ်

တစ်ယောက်ဆီတစ်ယောက်ရောက်သွားကြရင်
နိုနားစရာအရိပ်တွေချည်းပဲ
မေတ္တာတရားကအရွက်အကိုင်းတွေမိုးပေးထားတယ်
အပူဟာ အပင်ကိုထိုးဖောက်ပြီး
တို့နှစ်ယောက်ဆီရောက်လာခွင့်မရှိဘူး။

mgyoe.com

mgyoe.com



# မျက်ရည်လေဆိပ်

ပျံသန်းနေရုံနဲ့မပျော်ရွှင်လာတော့ရင်
လေဆိပ်ကိုအပေါ်ကစီးကြည့်ပြီး သတိရပစ်ပေါ့

နှလုံးသားကိုစက်တပ်ထားလည်း
မသဲကွဲသူဟာ အရေးပေါ်ထိုးဆင်းရတာပဲ

ကိုယ်ချစ်မိတာထက် တစ်ဝက်ပဲရောက်တဲ့ခရီးဟာ
လေယာဉ်ပြောင်းစီးသွားခဲ့

ပုံမှန်ထုတ်လွှင့်တဲ့သတင်းပါပဲ
အထီးကျန်ခြင်းဟာ ပြန်ပေးဆွဲခံထားရပါတယ်

ဗားရှင်းအသစ်မြှင့်ထားပြီး
ပုံထွက်လည်းကြည်လင်ပြတ်သားတဲ့
နောက်ဆုံးပေါ်ကြေကွဲခြင်းဟာ
လေယာဉ်နဲ့ပဲကမ္ဘာကြီးဆီရောက်လာ
မျက်ရည်စင်တာမှာ
ငါလည်းတိုးဝှေ့ငေးမောလို့။

mgyoe.com

mgyoe.com


# နုကဒ္ဒသည်စတိုး

ခွေးနေရာမရသလို
နှစ်များ

မောင်းသူမဲ့လေယာဉ်တွေသာ
မောင်းသူမဲ့တိုင်းပြည်တွေပေါ်ဝေ့ဝဲလို့

ငွေဖြစ်လျက်နဲ့တောင်
ငွေနောက်ပြန်လိုက်ခဲ့ရတယ်

ခေတ်အပျက်ဟာ
ခေတ်ပျက်သူဌေးနဲ့ပေးစားခံရတာဘာမှမဆန်းကြယ်ပါဘူး

လာမယ့်ဘေးတွေချည်းပဲ
ဘာလို့ပြေးတွေ့နေမှာလဲ။

mgyoe.com

mgyoe.com



## ကမ္ဘာ

မီးလင်းဖို့က
မီးလျှံကိုငတ်ပါ့မလား။

ကျန်ခဲ့စဉ်က
တရားတွေ
ကျန်ခဲ့ပြီ

ကျန်ခဲ့စဉ်က
မြို့ရွာတွေ
ကျန်ခဲ့ပြီ

ကျန်ခဲ့စဉ်က
မိုးခြိမ်းသံတွေ
ကျန်ခဲ့ပြီ

ကျန်ခဲ့စဉ်က
ပါးစပ်တွေ
ကျန်ခဲ့ပြီ

လိမ့်နေတဲ့ကျောက်တုံးပေါ်
ခြေရာတွေထင်ပါ့မလား။

mgyoe.com

mgyoe.com


## မျက်ရည်ကမေး

ဒီလိုအချိန်မှာ
အဆွေးဟောင်းအဆောက်အဦတစ်လုံးရဲ့
အရေးပေါ်လှေကားအောက်က
ထွက်ပေါက်တွေအကြောင်းငါမသိချင်ဘူး

မျက်ရည်ယိုဗုံးတွေမှာ
ဘယ်တော့မှ မျက်ရည်ရှိလာမှာမဟုတ်ဘူး။

mgyoe.com

mgyoe.com



## မျက်ရည်တင်သဘော

မြေအောက်ရထားအလာကို
မြေမြုပ်မိုင်းတွေကြားမှာထိုင်စောင့်နေရ

လုံခြုံရေးကင်မရာထဲမှာ
လုံခြုံရေးဝန်ထမ်းရဲ့မလုံခြုံတဲ့မျက်နှာကိုအရင်စမြင်နေရတယ်

သစ်သားအိမ်လေးတွေကို
ဖန်လုံအိမ်ကအာဏာသိမ်းနေမှာပဲ

အစတည်းကဆွေးနေတဲ့ဆွေးမြည့်မှု
အစတည်းကဆွေးနေတဲ့သစ်သား
အစတည်းကဆွေးနေတဲ့ခုတ်မောင်းသံ
အစတည်းကဆွေးနေတဲ့ရေပြင်

mgyoe.com

mgyoe.com


ဘဝထဲ
အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနဲ့ ဓာတ်ငွေ့ပိုက်လိုင်းတွေကလည်း
လာလာပတ်သက်နေတယ်

ကင်းလှည့်ရေယာဉ်ရဲ့သတင်းအရ
တစ်စင်းကလေယာဉ်တင်သင်္ဘော
တစ်စင်းကရေနံတင်သင်္ဘော
တစ်စင်းကမျက်ရည်တင်သင်္ဘော
သင်္ဘောသုံးစင်းဖြတ်သန်းနေပေါ့

မျက်ရည်တွေတင်ပြီးမှ
ပျော်စရာခရီးစဉ်ရှိသေးလားလို့ဆိပ်ကမ်းကနေ
ငါလှမ်းမေးလိုက်တယ်။

mgyoe.com

mgyoe.com



# ရုပ်ရှင်ကလည်းထားခဲ့ ရုပ်ရှင်ရုံကလည်းနေခဲ့

မျက်ရည်ကျနေတာကိုတောင် ဝမ်းသာလို့လားမေးရက်တယ်
အသံတွေအဆက်မပြတ်
ရေပဟာရေညှိကိုငြင်းဆန်လို့

နောက်တစ်ခေါက်ပြန်ဖတ်လို့မှမကောင်းလာနိုင်တော့တဲ့
ကဗျာတစ်ပုဒ်လို ပျော်လက်စဟာ
သူ့လမ်းသူသွားရင်း ပျော်ကျသွားပေါ့

မီးခြစ်ဟာ သူ့ဘဝဆီသူရောက်ဖို့ ထတောက်ပေးခဲ့ရတာ
ရေခဲတုံးဟာ အခဲခံခဲ့ရပြီးမှသူ့ဘဝကိုရတာ

မင်းမမျှော်တဲ့ကြယ်ကို
ငါကြွေကျဖြစ်ခဲ့တယ်။

ကိုယ်ကလည်းမကောင်းပါဘူး
ခေါင်းကတော့မရှေ့ဘူး။

mgyoe.com

mgyoe.com


# ရေခဲတဲ့အရုပ်ကမိုးလောင်မြင်

ဖိနပ်လေးမှားစီးဖူးရုံနဲ့
ဘတ်စ်ကားလေးမှားစီးဖူးရုံနဲ့ လမ်းမှားရောက်ရောလား

ခေါင်းမရှိတော့ခေါင်းကိုက်ချင်လာတယ်
အပျင်းမပြေရင်လည်း အပြင်းနဲ့ပဲပြန်နေလို့သာ
ဒီကမ္ဘာကပြောနိုင်တယ်

ကိုယ့်ကိုယ်ကိုယ်မီးရှို့ပြီးတော့အသေခံပုံးခွဲ
ပေးချင်တဲ့ကတိသာပေးခဲ့တော့
မှိုနံ့လေးမရခင် မှိုရတဲ့မျက်နှာနဲ့ခေတ်ပေါ်တက်ကြည့်

ဒီတစ်သက်မကောင်းလည်း
အသက်တွေနဲ့တော့အဆက်အသွယ်မပြတ်စေနဲ့ပေါ့

အချစ်ဆိုတာလည်း
အဖြူရောင်တီရှပ်လေးပေါ်လာစွဲတဲ့ အမည်းစက်လေးတစ်စက်ပါပဲ

မင်းလည်းထပ်ကျွမ်းပစ်
ငါလည်းထပ်အားပေးနေမှာ

တစ်ဘဝတည်းပဲ
ဆယ်ဘဝစာလောက်ပါပဲ။

mgyoe.com

mgyoe.com



## တစ်နေ့ပြီးတစ်နေ့

တစ်နေ့ပြီးတစ်နေ့ဟာ
တစ်နေ့နေ့ကိုမျှော်လင့်ခဲ့တယ်

တစ်နေ့နေ့ပေါ့လို့ တစ်နေ့နေ့ကဖျောင်းဖျတယ်
တစ်နေ့ပြီးတစ်နေ့ဟာ တစ်နေ့နေ့နဲ့ဝေးကွာခဲ့

အခုတော့တစ်နေ့ပြီးတစ်နေ့ဟာ တစ်နေ့နေ့ဆီရောက်ဖို့
လောဘသိပ်မရှိတော့ဘူး
တစ်နေ့နေ့နဲ့ဆုံတိုင်း
တစ်နေ့နေ့ပေါ့လို့ ပြောတတ်ခဲ့ပါပြီ။

mgyoe.com

mgyoe.com


# မျက်ရည်ရောင်

မင်းတစ်ပင်လုံးကြွေနေတော့ငါမြေကြီးအဖြစ်ခုခံပေးခဲ့
မင်းတစ်ပင်လုံးပြန်ဝေလာဖို့
ငါ့ရေပြင်ကိုသွန်းလောင်းပေးခဲ့တယ်
အခုတော့ဒီပန်းပွင့်လေးဟာ
ငါ့ကိုသူ့ရနံ့တောင်မရစေချင်တော့ဘူး

ဇာတ်နာတဲ့အခန်းမှာ
လူကြမ်းတွေလက်ထဲက ငါမင်းကိုကယ်ခဲ့တယ်
ဇာတ်သိမ်းကာနီးရောက်မှ
ဘယ်ကမှရောက်မလာနိုင်တဲ့မင်းသားကို
ဘာကြောင့်တမ်းတပြတာလဲ

မင်းရင်ဖွင့်သမျှ
မြေဝယ်မကျငါနားထောင်ခဲ့မိ
ငါရင်ဖွင့်သမျှ မြေဝယ်မကျ မင်းငြင်းဆန်ခဲ့ပေါ့

mgyoe.com

m.gyoe.com



မင်းကိုငါချစ်ခဲ့တယ်
ငါ့ချစ်ခဲ့ခြင်းကို
မင်းပစ်သတ်ခဲ့တယ်

တို့နှစ်ယောက်ရဲ့ခရီးက
ပင်လယ်ပြင်ကြီးခြားခဲ့တာပဲ
တစ်ဖက်ကကြေကွဲလည်းတစ်ဖက်ကရှင်မြူးလျက်ပဲ
တစ်ဖက်ကမ်းက တစ်ဖက်ကမ်းကို
လှမ်းမှ မမြင်နိုင်ခဲ့ကြ

ဘယ်တတ်နိုင်မှာလဲ
ငွေနဲ့အဝယ်ခံခဲ့ရတဲ့ကျေးကျွန်တွေ
သူ့ဇာတိမြေဆီပြန်မရောက်နိုင်တော့သလိုပေါ့
ငါတို့ပုံမှန်ဝေးကွာသွားခဲ့ကြတယ်

ငါကပိုန္ဒုးညံ့တယ်
သတိရမိတိုင်းပေါ့
ကိုယ့်အိမ်သားတစ်ဦးလိုသာ
မင်းကိုသတိရပါတယ်။

m.gyoe.com

mgyoe.com


# အလွမ်းသရဲလိုလို လမ်းသရဲလိုလို

ဘဝမှာ
အာဏာရှင်၊ သူခိုးသူဝှက်၊ သစ်ပင်တွေကိုခုတ်လှဲရောင်းချသူ
အပေါ်စားနိုင်ငံရေးသမား
လောင်းကစားဝိုင်းတည်ထောင်သူ
သူများမျက်ရည်ကျမှပျော်ရွှင်သူ
ငွေထုပ်ပိုက်ပြီးမှောင်မိုက်နေသူ
ငါတို့မဖြစ်ခဲ့ဘူး

ရတောင့်ရခဲလူ့ဘဝမှာ
အခြားတစ်ယောက်နေရာကနေ
ကိုယ့်ကိုယ်ကိုယ်လွမ်းမိဖူးလား

အနားကတစ်ယောက်ဖြတ်သွားတိုင်း
တောက်ခေါက်သံတစ်ချက်ကြားရတတ်တဲ့
ခေါင်းငိုက်စိုက်ကျနှစ်တွေထဲ
ခေါင်းမာတာဘာဆန်းလဲ
ငါ့ကိုယ်ငါတောင် လွမ်းစရာတွေကအပြည့်ပဲ။

mgyoe.com

mgyoe.com



## စာရေးဖော်သို့

မင်းရှင်သန်နေသမျှ
ငါကသေရာပါ

မင်းကိုချစ်နေရရင်ငါပျော်တယ်
ဒါပေမဲ့ငါမင်းကို
အပျော်ချစ်ခဲ့တာမဟုတ်ဘူး

ငါကမင်းအသားထဲရောက်နေတဲ့ဆေးမင်ကြောင်
ဒီ့ထက်ပဲမင်းအသက်နဲ့ ပိုနီးရဦးမလား။

mgyoe.com

mgyoe.com


# ဖိုးလကွယ်

ဖိုးလပြည့်ဆိုတဲ့နာမည်တွေကြားမှာ
သူ့နာမည်ကဖိုးလကွယ်တဲ့

ယိုးဒယားဆိုင်ကယ်အစုတ်လေးစီးပြီး
ဒီချာတိတ်ဟာဂိုဏ်းစတားတစ်ယောက်လိုနေထိုင်တယ်

သူ့နေ့ရက်တွေကို သေနတ်တွေနဲ့ချိန်ထားတုန်းက
သေနတ်တွေရှေ့သူပိတ်ရပ်တော့
သေနတ်တွေဟာ လမ်းပေါ်ကဆင်းသွားကြတယ်

အဝတ်တစ်ထည်ကိုယ်တစ်ခု
စိတ်တစ်ထည်ကိုယ်တစ်ခု
အသက်တစ်ထည်ကိုယ်တစ်ခုဆိုပေမဲ့
လူငယ်တစ်ယောက်ဟာ ထုထည်ကြီးမားတယ်

ခေတ်ရဲ့သားကောင်းလည်းမဖြစ်ချင်တော့ပါဘူး
ခေတ်ရဲ့သားကောင်လည်းလာမဖြစ်ခိုင်းနဲ့
ခင်ဗျားတို့က
စဉ်းတောင်မစားသင့်တဲ့အသားစပဲ

အကို ညနေလာခဲ့
ဝက်ဝံသားရတဲ့ဆိုင်ကျွန်တော်တွေ့ရှိထားတယ်။

mgyoe.com

mgyoe.com



## အသည်းကွဲနေတဲ့သူငယ်ချင်းဆီက
## ဖုန်းဝင်လာခြင်း

မနက်ခင်းဖြစ်လျက်နဲ့
ငါ့မှာ
ငါ့မှာ မနက်ခင်းဖြစ်လျက်နဲ့
အေး ပြောလေ

မနက်ခင်းဖြစ်လျက်နဲ့
တောင်စွယ်မှာ နေကွယ်နေဆဲပဲ။

mgyoe.com

mgyoe.com


# အချစ်ဟာ မချစ်တတ်တဲ့အခန်းထဲမှာ ပိတ်မိလို့

ကိုယ်တွေးထားတဲ့လမ်းကိုမှ ရွေးပြန်နေတဲ့အချစ်
တစ်ဘဝလုံးငေါင်စင်းနေတဲ့အချစ်
တစ်ယောက်ကအိပ်မြှောင် တစ်ယောက်ကနံရံ
အသွင်မတူတဲ့အချစ်
ပြောချင်တာကိုတစ်ခွန်းမှမပြောတဲ့အချစ်
တစ်သက်လုံး ရင်နာနေတဲ့အချစ်
တစ်သက်လုံး ရင်မနာတဲ့အချစ်
ဒဏ်ရာကိုတောင် မနာလိုတဲ့အချစ်
မချစ်တတ်တဲ့နေရာမှာထင်ရှားတဲ့အချစ်

mgyoe.com

mgyoe.com



ကိုယ့်နှလုံးသားကိုယ် သဘောမကျတဲ့အချစ်
ကိုယ့်သဘောထားကိုယ် သဘောမကျတဲ့အချစ်
ဘယ်သူသေသေ မသေချင်တဲ့အချစ်
အရိပ်ကိုလည်းမဖမ်းတတ် အသံကိုလည်းမဖမ်းတတ်တဲ့အချစ်
နံစော်နေတဲ့အချစ် ပစ်ထားခံရတဲ့အချစ်
ဘယ်သူကမှလာမကယ်တဲ့အချစ်
အချစ်ဟာ သူဘယ်တော့မှအချစ်မဖြစ်ဖို့
တသက်လုံးကြိုးစားနေတယ်
ဒါပေမဲ့ အချစ်ဟာအချစ်ဖြစ်နေဆဲပဲ
အချစ်အချင်းချင်း မချစ်တတ်တဲ့အချစ်
အချစ်ဟာ သူ့နှလုံးသားရဲ့နေရောင်ပူပူအောက်မှာ လူးလိမ့်လို့
အချစ်ဟာရွှေပျောက်သလိုလို နားလေးသလိုလို
အချစ်ဟာသူ့မျက်လုံးထဲဝင်လာတဲ့အခြားအချစ်တွေကို
ရယ်မောနေခဲ့တယ်
ကိုယ့်ကိုယ်ကိုယ် အလိုလိုပြုံလဲစေတဲ့အချစ်
ကြာတော့ မကြာတော့တဲ့အချစ်
အချစ်ဟာ ဘဝကိုပြင်းပြင်းထန်ထန်မေ့လို့
အချစ်ဟာ မချစ်တတ်တဲ့အခန်းထဲမှာပိတ်မိလို့။ ∎

mgyoe.com